# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၇၆ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေအရ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် “မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် –

| | | |
|---|---|---|
| (က) | ဦးမင်းသိန်းဇံ<br>ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်ချုပ်အောင်လင်းထွန်း<br>ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်ချုပ်စိုးတင့်နိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးရဲတင့်<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဇော်ဝင်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒေါက်တာအေးထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဇ) ဦးမျိုးလှိုင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) မြန်မာ့အားကစား ကမ္ဘာ့အဆင့်အတန်းမီစေရေးအတွက် အားကစားနှင့်ကာယပညာ ဆိုင်ရာ စီမံကိန်းနှင့် စီမံချက်များ ချမှတ်ပေးခြင်း၊

(ဂ) အားကစားသိပ္ပံ၊ အားကစားတက္ကသိုလ်များဖွင့်လှစ်ခြင်း၊ အားကစားအမျိုးအစားအလိုက် သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) အားကစားအရည်အသွေးမြင့်မားလာစေရန် နိုင်ငံလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအားကစား ပြိုင်ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(င) ပြည်ပတွင်ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် အားကစားသမားများ၊ အားကစား အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ရေးအတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရွေးချယ် စေလွှတ်ခြင်း၊

(စ) ပြည်ပတွင်ကျင်းပသည့် အားကစားဆိုင်ရာသင်တန်းများ၊ ဆွေးနွေးပွဲများသို့ တက်ရောက်ရန် သင့်လျော်သည့် ပုဂ္ဂိုလ်များအား သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရွေးချယ်စေလွှတ်ခြင်း၊

(ဆ) အားကစားဆိုင်ရာ လေ့လာရေးနှင့်ချစ်ကြည်ရေးအဖွဲ့များကို သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ ပြည်ပသို့စေလွှတ်ခြင်း၊

(ဇ) ပြည်ပအားကစားအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ အားကစားပညာရှင်များ၊ အားကစားအသင်း အဖွဲ့များ၊ အကူအညီပေးသူများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖိတ်ကြားခြင်း၊

(ဈ) နိုင်ငံခြားနည်းပြများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ **ဖိတ်**ကြားခြင်း၊ ငှားရမ်းခြင်း၊

(ည) အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များထံမှ အလှူငွေများ၊ ထောက်ပံ့ငွေများ၊ ပစ္စည်းများလက်ခံခြင်း၊

(ဋ) အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များထံမှ အားကစား အဆောက်အအုံ၊ အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လွှဲပြောင်းရယူအသုံးပြုခြင်း၊ ငှားရမ်းအသုံးပြုခြင်း၊

(ဌ) ပြည်တွင်း၊ ပြည်ပမှ အားကစားပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဍ) အားကစားနှင့်စပ်လျဉ်း၍ ရရှိသည့်ဝင်ငွေများ၊ အလှူငွေများအပေါ် ဝင်ငွေခွန်၊ အမြတ်ခွန် စည်းကြပ်ခြင်းမှ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ရရှိရန် သက်ဆိုင်ရာ ဌာနနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၂ - ၂ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှ**တ်** ၂၉ / ၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး